# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၁၈)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၀–၉–၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **၂၀၁၈ ခုနှစ် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ယခုလက်ရှိ မက်သဒုံးဆေး တိုက်ကျွေးနေသည့်ဌာန (၅၅) ခုအပြင် ထပ်မံတိုးချဲ့ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ(၂၀၁၅)နှင့် နည်းဥပဒေ(၂၀၁၇) ပြဋ္ဌာန်းချက်များပါ အချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်**

**ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်းတွင် ပြန်လည်သန့်စွမ်းရေးဆေးရုံ(၁)ရုံ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၏ **သံတောင်ကြီးမြို့ပေါ်တွင် အဆင့်မြင့်အားကစားကွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ထွန်း၊ တန့်ဆည် မဲဆန္ဒနယ်၏ **တန့်ဆည်မြို့နယ်အတွက် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် ချထားပေးခဲ့သော တည်ဆောက်ရေးလုပ်ငန်း အချို့မှာ မည်သည့်အတွက်ကြောင့် ဆောင်ရွက်ချိန်နောက်ကျခြင်းနှင့် လုပ်ငန်းများစတင် ဆောင်ရွက်ခြင်း မရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **လက်ရှိ ရန်ကုန်မြို့ ရေပေးဝေမှု အခြေအနေနှင့် တိုးပွားလာမည့် ရန်ကုန်မြို့နေ လူထုအတွက် ရေလုံလောက်စွာ ပေးဝေနိုင်ရန် မည်သို့စီမံထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **၂၀၁၈ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေအသစ် အကျိုးသက်ရောက်နိုင်ရန်နှင့် လုပ်ငန်းများအောင်မြင်ပြီးမြောက်နိုင်ရန်အတွက် စည်ပင်သာယာရေး ဝန်ထမ်းအင်အားနှင့် ယာဉ်စက်ယန္တရားအင်အားများကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ထပ်မံဖြည့်တင်းဝယ်ယူရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပ မြို့နယ်ရှိ အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးမည်ဟု ဖြေကြားထားသော (၄)ရပ်ကွက်၊ (၆)ရပ်ကွက်၊ (၇)ရပ်ကွက်တို့ရှိ မြေကွက်တို့အနက်မှ တစ်နေရာရာအား ဖူဆယ်အားကစားကွင်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အားကစားကွင်းဆိုင်းဘုတ် တပ်ဆင်ပေးနိုင်ခြင်းရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က **"မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က တင်သွင်းသည့် **"မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်က တင်သွင်းသည့် **"စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အလွန်အရေးပါသော အရပ်ဘက်လူထုဆိုင်ရာ ရပိုင်ခွင့်နှင့် နိုင်ငံရေးဆိုင်ရာရပိုင်ခွင့်များကို လေးစားလိုက်နာရန်နှင့် တရားဥပဒေစိုးမိုးမှုရှိစေရန်အတွက် အရပ်ဘက်လူထုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ရပိုင်ခွင့်များနှင့် သက်ဆိုင်သော နိုင်ငံတကာသဘောတူစာချုပ်(International Covenant on Civil Political Rights-ICCPR) ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်ရွှေပုံ၊ ပဲခူး မဲဆန္ဒနယ်၊

(ခ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၊

(ဂ) ဦးဇော်သိန်း၊ ဝါးခယ်မ မဲဆန္ဒနယ်၊

(ဃ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(င) ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(စ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

(ဆ) ဦးလုံဂျူဆန်မိုင်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၊

(ဇ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊

(ဈ) ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၊

(ဋ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ဌ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ဍ) ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဎ) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၊

(ဏ) ဒုတိယဗိုလ်မှူးကြီးကျော်မိုးအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။